သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ။ စက်တင်ဘာလ ၂၅ရက်၊ ၂၀၁၄။

## ဒုတိယမြောက် အပြာရောင်ကမ္ပည်းပြားကို ရောဂတီဘဏ်ရုံးချုပ်အဆောက်အအုံ၌ တပ်ဆင်

**ရန်ကုန်။** ။ ရန်ကုန်မြို့၏ ဒုတိယမြောက်အပြာရောင်ကမ္ပည်းပြားကို မဟာဗန္ဓုလလမ်းပေါ်၌ ယနေ့ ဖွင့်လှစ်လိုက်သည့် ရောဂတီဘဏ် ရုံးချုပ်အဆောက်အအုံတွင် တပ်ဆင်ခဲ့သည်။

မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)ထောင့်ရှိ အဆောက်အအုံမှာ မူလက ရိုးကုန်တိုက်ဖြစ်ပြီး ၁၉၁၀ ခုနှစ်က ဆောက်လုပ်ပြီးစီးခဲ့သည်။ ၂၀ ရာစုအစောပိုင်းကာလမှ ၁၉၆၀ ကျော်ကာလများအထိ နာမည်ကျော်ကြားခဲ့သော စီးပွားရေးအဆောက်အအုံဖြစ်သည်။ ထို့ပြင် လူဂင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရုံးချုပ်အဖြစ်လည်း ဆယ်စုနှစ်များစွာအသုံးပြုခဲ့ရာ ၂၀၀၅ ခုနှစ်အထိဖြစ်သည်။ အဆိုပါ အပြာရောင်ကမ္ပည်းပြားသည် ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သောအဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအားအထိမ်းအမှတ်ပြုရန်ရည်ရွယ်ပြီး ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်နေသောစီမံချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ယခုကဲ့သို့ အပြာရောင် ကမ္ပည်းပြားများတပ်ဆင်ခြင်းဖြင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဟုအဖွဲ့ကယုံကြည်သည်။

အဖွဲ့တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူဒေါက်တာသန့်မြင့်ဦးက "ရိုးကုန်တိုက်အဆောက်အအုံကို ပြန်လည်ပြုပြင်ပြင်ဆင်ခဲ့နိုင်တဲ့အတွက် အလွန်ဂမ်းမြောက်မိပါတယ်။ ဒီလိုပြုပြင်ထိန်းသိမ်းမှုက ရန်ကုန်မှာရှိတဲ့ တခြားသောပုဂ္ဂလိကပိုင် အမွေအနှစ်အဆောက်အအုံတွေကို ပြုပြင်ဖို့ အားပေးရာရောက်မယ်လို့ မျှော်လင့်ပါတယ်။ ကမ္ပည်းပြားတပ်ဆင်တယ်ဆိုတာဒီအဆောက်အအုံနဲ့ သူ့ရဲ့ဗိသုကာလက်ရာက မြန်မာ့သမိုင်းနဲ့မျိုးဆက်အဆင့်ဆင့်ရဲ့ လူမှုဘဝတွေမှာ ဘယ်လောက်ထင်ရှားခဲ့တယ်ဆိုတာကိုအသိအမှတ်ပြုခြင်းပဲဖြစ်ပါတယ်" ဟုပြောကြားသည်။

ရိုးကုန်တိုက်သည် ထိုခေတ်အခါက အာရှတွင် ရေပန်းအစားဆုံးကုန်တိုက်တစ်ခုဖြစ်ပြီး ဓါတ်လှေကားများ၊ မျက်နှာကြက်ပန်ကာများနှင့် မြေအောက်ခန်းကို အစောဆုံးထည့်သွင်း တည်ဆောက်သည့် အဆောက်အအုံတစ်ခုဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း လုယက်ဖျက်ဆီးမှုဒဏ်ခံခဲ့ရသော်လည်း နဂိုမူလအတိုင်း ပြန်လည်ပြင်ဆင်ကာအရှေ့တိုင်း၏ ဟားရော့ကုန်တိုက်ဟုတင်စားရလောက်အောင် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

၁၉၆၄ ခုနှစ် ဧပြီလတွင် ရိုးကုန်တိုက်သည် မြန်မာနိုင်ငံတစ်လွှားရှိယင်း၏ဆိုင်ခွဲပေါင်း ၃၈ ခုနှင့်အတူ ပြည်သူပိုင် သိမ်းခံခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်အတွင်း လုပ်သားကောလိပ်၏ စာကြည့်တိုက်အဖြစ်လည်း အသုံးပြုခဲ့သေးသည်။၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် ၂၀၁၁ခုနှစ် အစောပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ယင်းအဆောက်အအုံအား အမိုးအသစ်တပ်ဆင်ခြင်းအပါအဝင် ပြုပြင်မှုအချို့ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့၏ ပထမဆုံးအပြာရောင်ကမ္ပည်းပြားကို ဩဂုတ်လက မြို့တော်ခန်းမတွင် တပ်ဆင်ခဲ့ပြီးလာမည့် ရက်သတ္တပတ်များအတွင်း ကမ္ပည်းပြားများထပ်မံတပ်ဆင်မည်ဖြစ်သည်။

အဆိုပါကမ္ပည်းပြားတပ်ဆင်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရေ ရန်ကုန်မြို့အနှံ့ရှိ သမိုင်းဝင်နေရာများအား လေ့လာခြင်း၊ ကမ္ပည်းပြားများထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းတို့အတွက် Royal Philips က အမေရိကန်ဒေါ်လာ ၇၅,၀၀၀ ကိုထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

---

## ရန်ကုန် မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

၂၀၁၂ ခုနှစ် မတ်လတွင် ထူထောင်ခဲ့သောရန်ကုန် မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Yangon Heritage Trust-YHT သည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များအား ခြုံငုံပြီးစီမံခန့်ခွဲသည့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးကိုအားပေးသည်။ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီ ပေါင်းစည်းနိုင်ပါက ရန်ကုန်သည် အာရှတွင် အလှပဆုံးနှင့် နေချင့်စဖွယ်အကောင်းဆုံးမြို့တစ်မြို့ ဖြစ်လာမည်ဟုယုံကြည်ပါသည်။ ထို့ကြောင့် အဖွဲ့အနေဖြင့် မြို့အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အကြံပေးခြင်းနှင့် သင်တန်းများ၊ အများပြည်သူကို အသိပညာပေးခြင်းများစသည်တို့ကိုဆောင်ရွက်လျက်ရှိသည်။

---

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ပတ်သက်ပြီးထပ်မံသိရှိလိုပါကဆက်သွယ်ရန်

ရွှေယင်းမာဦး
အကြီးတန်းပြန်ကြားရေးအရာရှိ
ရုံးဖုန်း ၉၅၁ ၂၄၀၅၄၄
မိုဘိုင်း ၉၅၉ ၇၃၀၅ ၅၁၈၇
အီးမေးလ် info@yangonheritagetrust.org
www.yangonheritagetrust.org
https://www.facebook.com/theyangonheritagetrust

****